ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၃ ၊ အမှတ် ၁၂ ၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ ၁ ရက်

## ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ဝန်ထမ်း သား/သမီးများအား ပညာရည်ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကျင်းပခြင်း




ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ၂၀၁၈ ခုနှစ် ဩဂုတ်လ (၁၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ဝန်ထမ်းသား/သမီးများအား ပညာရည်ထူးချွန်ဆု ချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်တက်ရောက်၍ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ဝန်ထမ်းသား/သမီးများအား ပညာရည်ထူးချွန်ဆုချီးမြှင့်၍ ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်ခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်းအမှုထမ်းများ ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသော ဝန်ထမ်းသား/သမီးများနှင့် မိဘများ တက်ရောက်ခဲ့ကြပါသည်။

Scanned by CamScanner

# အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်အား EUROCHAM MYANMAR မှ တာဝန်ရှိပုဂ္ဂိုလ်များလာရောက်တွေ့ဆုံခြင်း




ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ (၁)၌ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ နံနက် (၁၀:၀၀) နာရီတွင် အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ်ဦးကျော်ထင်အား EUROCHAM MYANMAR မှ တာဝန်ရှိပုဂ္ဂိုလ်များလာရောက်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသည် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည့်အချက်အလက်များအား ဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပခဲ့ပါသည်။

ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် EUROCHAM MYANMAR မှ တာဝန်ရှိပုဂ္ဂိုလ်များ ၊ စုစုပေါင်း အဖွဲ့ဝင် (၂၀) ဦး တက်ရောက်ခဲ့ကြပါသည်။

Scanned by CamScanner

# အကောက်ခွန်ဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်နှင့် World Bank မှ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခြင်း



၂၁-၈-၂၀၁၈ ရက်နေ့ (အင်္ဂါနေ့)၊ နေ့လည် (၁:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန၊ အစည်းအဝေးခန်းမ (၁) ၌ ညွှန်ကြားရေးမှူးချုပ်နှင့် World Bank မှ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသည် မြန်မာအကောက်ခွန်ဦးစီးဌာနတွင် World Bank မှ ထောက်ပံ့ပေးနေသည့် နည်းပညာ အကူအညီများသည် Investment Climate and Competitiveness Program-ICCP ၏ စီမံကိန်းအောက်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ရာ အဆိုပါစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု ၊ ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်သည့် Evaluation mid-term အပေါ် ညွှန်ကြားရေးမှူးချုပ်၏ အမြင်နှင့်စပ်လျဉ်း၍ World Bank ကိုယ်စားလှယ် Mr. Peter Jensen မှ ဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် Embassy of Australia နှင့် World Bank မှ တာဝန်ရှိ ပုဂ္ဂိုလ်များ ၊ စုစုပေါင်း အဖွဲ့ဝင် (၁၇) ဦး တက်ရောက်ခဲ့ကြပါသည်။

Scanned by CamScanner

# National Workshop On Post Clearance Audit အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း




ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟခန်းမ၌ ၂၀၁၈ ခုနှစ် ဩဂုတ်လ (၁၄) ရက်နေ့မှ (၁၆) ရက်နေ့အထိ National Workshop On Post Clearance Audit အလုပ်ရုံဆွေးနွေးပွဲ အား ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲအား မြန်မာ့အကောက်ခွန်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နှောင်းစာရင်းစစ်ဆေးခြင်းစနစ်အတွက် အာဆီယံဒေသတွင်းနိုင်ငံများမှ အတွေ့အကြုံများဆွေးနွေးဖလှယ်၍ နှောင်းစာရင်းစစ်ဆေးခြင်း၏ စွမ်းရည်များမြင့်တက်လာစေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း (၃၃) ဦး နှင့် အင်ဒိုနီးရှား အကောက်ခွန်မှ Mr Bagus Ariyanto (Assistant Deputy Director of Audit Implementation) ၊ Mr Heru Hardjanto Adi Pradopo (Senior Proctitioner in PCA) တို့တက်ရောက်ခဲ့ပါသည်။

Scanned by CamScanner

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၇၄၉.၉၃၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၇၉) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၂၇၄၉.၉၃၆) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်





လေဆိပ်တားဆီးမှုအနေဖြင့် တားဆီးမှု (၈) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၂၄.၀၄၃) သန်းခန့်ရှိသည့်အနက် ၁၅-၈-၂၀၁၈ ရက်နေ့တွင်ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် (ပြည်ပဆိုက်ရောက်) ၌ လေယာဉ်ခရီးစဉ်အမှတ် KA-254, SF-10988 ဖြင့် ဟောင်ကောင်မှ ရန်ကုန်သို့ ဝင်ရောက်လာသည့် နိုင်ငံခြားသားခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Skin Care & Medicin (6) Items, (12) Box , (300) Pcs ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၂) သန်းခန့်အား တားဆီးခဲ့ပါသည်။

Scanned by CamScanner

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၇၄၉.၉၃၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း








ဆိပ်ကမ်းတားဆီးမှုအနေဖြင့် ၈-၈-၂၀၁၈ ရက်နေ့တွင် MIP ဆိပ်ကမ်း၌ Jewel Pak International Myanmar Co., Ltd မှ တင်သွင်းလာသည့် Brand New Forklift with Complete Set , Toyota Brand, Mdl-2017 , C/O China (1) U အား တာဝန်ကျ အကောက်ခွန် စစ်ဆေးရေး အဖွဲ့မှ စစ်ဆေးခဲ့ရာ VPA (၁၂) ရက်ဖြစ်သဖြင့် ခန့်မှန်းတန်ဖိုးကျပ် (၃၀.၀၈၂) သန်းခန့်အား တားဆီးခဲ့ပါသည်။

Scanned by CamScanner

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၇၄၉.၉၃၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း




နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၃၇၀) မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာ ကျပ် (၂၆၉၅.၈၁၁) သန်းခန့်ရှိသည့် အနက် ၅-၈-၂၀၁၈ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ HOWO A-7 (၂၂ ဘီး) ယာဉ်(၁) စီးအားစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Iron Square Pipe (Assorcted Size) (10420) kg၊ သံဂျီးချွတ်ဆေးဟုယူဆရသော Chemical ပုံးများ (135) kgပါ(၃၀) ပုံး၊ (25) kgပါ(၃၆၀)ပုံး နှင့် အဆိုပါပစ္စည်းများသယ်ဆောင်သည့်ယာဉ်(၁) စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ်(၈၇.၆၁၉) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

Scanned by CamScanner

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၇၄၉.၉၃၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၁-၈-၂၀၁၈ ရက်နေ့တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Higer Hiace ယာဉ်(၁) စီးအားစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တင်သွင်း ၊ တင်ပို့ခြင်းခွင့်မပြုသည့် ဒေါင်းမြီးမွေး(၁၂) အိတ် နှင့် အဆိုပါပစ္စည်း သယ်ဆောင်သည့် ယာဉ် (၁) စီး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၂.၄၀၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

Scanned by CamScanner

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၇၄၉.၉၃၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၈-၈-၂၀၁၈ ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရောင်ကွင်းလမ်းများသို့ ရောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် ဇွပ္ပနူး ကျေးရွာအနီးတွင် စွန့်ပစ်စုပုံထားသည့် တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော Sodium Cyanide (1 x 50 Kg) (8 Drum) ၊စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၃.၂၀၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ ပါသည်။

Scanned by CamScanner

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ သြဂုတ်အတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ


| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၃ မှု | ၃ မှု | ၂၄၇.၈၂၄ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၄ မှု | ၄ မှု | ၂၉.၃၇၀ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၂၂ မှု | ၂၂ မှု | ၁၁၀.၅၃၇ သန်း |
| | စုစုပေါင်း | - | ၂၉ မှု | ၂၉ မှု | ၃၈၇.၇၃၁ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၈) ရက်နေ့ မှ (၃၁-၈-၂၀၁၈) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၀၈) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၈၅၃.၁၆၇) သန်းခန့်အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

Scanned by CamScanner

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Fiber Cable များတင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို နှင့် H.S Code အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်းနှင့် H.S Code မှာ 8544.20.39 ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။







ဆန်ကြာဇံ (Rice Vermicelli) များတင်ပို့လိုပါသဖြင့် H.S Code အားမေးမြန်းရာ H.S Code မှာ 1902.19.20 ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

Golf Simulator များ တင်သွင်း လိုပါသဖြင့် Duty Rate အားမေးမြန်းရာ အကောက်ခွန် 10% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ ပါသည်။








စွန့်ပစ်အအေးဘူးခွံများ တင်ပို့လိုပါသဖြင့် လိုင်စင်လို/မလို မေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။

Scanned by CamScanner

## အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ


Soda များတင်သွင်းလိုပါသဖြင့် FDA ထောက်ခံချက်လို/မလို မေးမြန်းရာ FDA ထောက်ခံချက်လိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။





Sorting Machine များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို မေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။

Noni Fruit များ တင်သွင်းလိုပါသဖြင့် H.S Code အားမေးမြန်းရာ H.S Code မှာ 0810.90.99 ဖြစ်ကြောင်း ဖြေကြားခဲ့ ပါသည်။




Sodium Hydrocholoride ၏ H.S Code နှင့် Duty Rate အားမေးမြန်းရာ H.S Code မှာ 2827.39.90 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။

Scanned by CamScanner